
စိတ်ကူးချိုချိုအနုပညာ




# မိုယ်းဇော်

# အသီးအပွင့်ကင်းသောနှစ်များ

လက်ရွေးစင်ကဗျာ

ဒုတိယအကြိမ်

mgyoe.com



mgyoe.com

# မိုးယံဇော်

## အသီးအပွင့်ကင်းသော နှစ်များ

လက်ရွေးစင်ကဗျာ

POEM0008
1,800.00 KS

mgyoe.com

mgyoe.com

အသီးအပွင့်ကင်းသောနှစ်များလက်ရွေးစင်ကဗျာ၊ မိုယ်းဇော်
မျက်နှာဖုံးပန်းချီ - ဘငွေကြည်၊ စာမျက်နှာ ၁၃၅ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်ဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၆ စိတ်ကူးချိုချို၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အသီးအပွင့်ကင်းသောနှစ်များ

လက်ရွေးစင်ကဗျာ

## မိုဃ်းဇော်

ဒုတိယအကြိမ်၊ ၂၀၁၈

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | မိုယ်းဇော် သေတမ်းစာ | ၁ |
| ၂။ | ကိုယ့်ဘဝ သူ့ဘဝ | ၃ |
| ၃။ | လူစီရဲ့ လက်ဆောင် | ၆ |
| ၄။ | အညတရ အစအနများ | ၈ |
| ၅။ | နှင်းဆီ | ၁၁ |
| ၆။ | ၁၉၈၅ ခုနှစ်က နှင်းဆီ | ၁၂ |
| ၇။ | လွမ်းတေး | ၁၅ |
| ၈။ | ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း | ၁၇ |
| ၉။ | အမေ့လင်းယုန် | ၁၉ |
| ၁၀။ | တောင်ပိုင်း | ၂၉ |
| ၁၁။ | စစ်ပွဲအငယ် | ၃၁ |
| ၁၂။ | ဗိုက်ပူ | ၃၃ |
| ၁၃။ | ဗီရာ | ၃၅ |
| ၁၄။ | သားချော့တေး | ၃၆ |
| ၁၅။ | မျှော်လင့်ချက် | ၃၈ |
| ၁၆။ | ဘီလီ့အတွက် တေးစု | ၄၁ |
| ၁၇။ | ယုဇန | ၄၃ |
| ၁၈။ | နေကြာပန်းများ | ၄၆ |
| ၁၉။ | သား | ၄၇ |
| ၂၀။ | ထိုခဏ | ၄၉ |
| ၂၁။ | ရန်ကုန်ည | ၅၁ |
| ၂၂။ | ငုယင်ဗန်ထရှိုင်း ညနေ | ၅၅ |
| ၂၃။ | ပါရမီ | ၅၈ |
| ၂၄။ | မီး | ၆၁ |


mgyoe.com

mgyoe.com


၂၅။ မှော်သေတ္တာ ၆၃
၂၆။ မိုးတိတ်တေး ၆၄
၂၇။ အချစ်ညမှာ သစ်ခွတွေ ၆၇
၂၈။ ဇာခြင်ထောင်ကလေးတစ်လုံး ၆၉
၂၉။ ကြယ်စင် ၇၀
၃၀။ ငကြေးစား ၇၂
၃၁။ ဒေလီယာပန်းတွေပွင့်ပြီ ၇၃
၃၂။ ဆာမူရိုင်းနိုင်ငံတော် ၈၀
၃၃။ စိန်ခြယ်ပန်းများဖြင့် ၈၃
၃၄။ ၂၀၀၈ မေလ ၂ ရက် ၈၇
၃၅။ ဗိုလ်ချုပ်ကြီး ယာမာရှိတာအတွက် ၈၈
၃၆။ ဆင်းရဲခြင်းကို အမိန့်ှာန်ပြုတယ် ၉၀
၃၇။ တောင်ညို ၉၂
၃၈။ မိုယ်းဇော် အလိုမရှိ ၉၃
၃၉။ ဆိုက်ဘာပုံပြင် ၁၀၄
၄၀။ အတုစစ်စစ် ၁၀၅
၄၁။ ယုဇန (၂) ၁၀၆
၄၂။ စစ်သားတွေရဲ့ ကောင်းကင်ဘုံ ၁၀၈
၄၃။ မိုးတွေရွာတဲ့တစ်နေ့ ၁၁၀
၄၄။ မတ်လ ၁၁၂
၄၅။ လက်ပံတောင်း ၁၁၅
၄၆။ မခင်ဝင်း ၁၁၆
၄၇။ အာဏာရှင်စနစ်ရဲ့ ပန်းဥယျာဉ် ၁၂၀
၄၈။ မှော်ဘီအပြန် ၁၂၅
၄၉။ သွေးမြေကိုရင်း၍ ၁၂၇
၅၀။ ကျွန်တော့်စက်ဘီးကလေး ၁၃၀
၅၁။ ၅၂ နှစ်တဲ့ ၁၃၂


❑

mgyoe.com

mgyoe.com

## မိုယ်းဇော်သေတမ်းစာ

အိမ်ခေါင်းရင်းမှာ
ဖယောင်းတိုင်မီးတွေ ထွန်းပြီးရင်
ဆုပ်ကိုင်ထားတဲ့ စိမ်ကိန်းတွေအောက်ချ
ဖတ်လက်စစာအုပ်ကို ပိတ်လိုက်တော့
ကျွန်ုပ်တို့ သေလို့ရပြီ။

သေဖို့မေ့နေတာ. မှန်တယ်
(သေခြင်းတရားဆိုတာ ဆရာဝန် ခေါင်းခါမှ
သတိရတာမျိုး)
ကြည့်လေ မနက်ကပဲ
ဘေးကျပ်နံကျပ် ဘတ်စ်ကားပေါ်
ရန်တစ်ပွဲ ဖြစ်ခဲ့တယ်
ကျောက်ခေတ်ဆီ အရင်းမစိုက်ဘဲ
သဘာဝသမိုင်းပြတိုက်ကို ရောက်ခဲ့တယ်
(လူသားမျိုးနွယ်တွေ လေ့လာဖို့ထက်
တရုတ်မလေး နားပူလို့)
ရေတိုင်ကီ အပေါက်တွေ ပြန်ဖာ
ဆံသဆရာနဲ့ ပုဂံရာဇဝင် ငြင်းခုံရင်း
သေဖို့တောင် တော်တော် ပျင်းလာရဲ့။

mgyoe.com

mgyoe.com

ငါ့သွေးကြော နံရံတစ်ပြင်လုံး
အင်ဂျင်အပူဆုံးအချိန်ဟာ
နွားနို့ပုံးတွေ မှောက်ခဲ့တာနဲ့အမျှ
လောကကို
သြဇာသီးအမှည့်တွေ ပြန်ပေးဖို့
တွေးတောနေချိန်ပေါ့။

နောက်လူတွေရဲ့ ကြွက်တွင်းထဲ
အမှည့်ရှမ်းဆုံး ထည့်သွင်းပေးနိုင်တာ
ဒီ သြဇာပင်တွေပဲ မဟုတ်လား။

မိတ်ဆွေတို့
ခင်ဗျားတို့ မြေကြီးတစ်ခွင်မှာ
သြဇာသီးပင်တွေ စိုက်ပျိုးကြ
အာသာပြေ သြဇာသီးတွေ စားကြ
ဇောချွေးတွေကိုတော့ ဖိုင်တွဲထားကြ။

ကျွန်တော့် ဘာသာစကားဟာ
ဘယ်လိုအသံနေ အသံထားနဲ့ ဆိုဆို
သက်ပြင်းတွေကို ကျေးဇူးတင်ကြောင်း
ပြောဖို့
သြဇာသီးတွေ စိတ်ချလက်ချ သီးဖို့
ပြီးတော့
ဟောသည် ပေါ့ဆမှုရဲ့ သားကို
ရယ်မောသံများနဲ့ သကြိုဟ်ဖို့။ ။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၉၄

mgyoe.com

mgyoe.com

# ကိုယ့်ဘဝသူ့ဘဝ

ငါလေ
ဆာလောင်နေတဲ့ မျက်လုံးနဲ့
မီးဖိုချောင်ထဲ ပိုက်စိပ်တိုက်ရှာလိုက်တော့
အဝေးမြို့က
ဇွန်းခက်ရင်းတစ်စုံ လွှတ်ချလိုက်သံကြားရတယ်
မင်းထမင်းစားခန်းရဲ့ နောက်ဆုံးပိတ်တေးသွားလား။

ငါ့အိပ်ရာ ဘေးနားတစ်ဝိုက်
ခြင်နဲ့ ပုရွက်ဆိတ်တွေ ချီတက်လာကြချိန်
လေအေးစက်သံအောက်မှာ
မင်းအိပ်မက်တွေဟာ
မျက်တောင်ခတ်နေရှာရော့မယ်။

ငါ့သတိရမှုများ
ဖယောင်းတိုင်ထိပ်ဖျားမှာ ညှိထွန်းထားပါရဲ့
လရောင်တွေ
အိပ်ခန်းထဲ ဗလှဆင်ထားတဲ့ မင်းဆီကိုလေ။

မင်းရေခဲသေတ္တာထဲ
ပုပ်သိုးမသွားတဲ့ ငါ့နှလုံးသားလေး ရှိတယ်။

ငါ့ကြောင်အိမ်ထဲ
အဝါရောင်သန်းသွားတဲ့ မင်းအပြုံးလေးရှိတယ်။

mgyoe.com

mgyoe.com


မင်းကိုယ်လုံးပေါ်မှန်က
ငါ့သက်ပြင်းချသံနဲ့ ပြဒါးသုတ်ထားတယ်
ငါ့သင်ဖြူးဖျာလေးခများတော့
မင်းခြေသံမာမာနဲ့ ရက်ထားတယ်။

မင်းဝိညာဉ်မှာ
နဝရတ်လက်စွပ်ဝတ်ထားတယ်
ငါ့ဝိညာဉ်မှာ
ဖျင်ကြမ်းဘောင်းဘီ ဝတ်ထားတယ်။
မင်းခေါင်းအုံးအောက်မှာ
စမ်းကြည့်ရင်
မခဲသေးတဲ့ ငါ့မျက်ရည်တစ်စက်တွေ့ရမယ်။

ငါ့ဒိုင်ယာရီစာအုပ်ထဲ
လေဟုန်စီးတဲ့ မင်းဒေါက်ဖိနပ်တစ်ရန် တွေ့ရတယ်။

မင်းအိတ်ထဲ
ဘဏ်တိုက်ကြီးသုံးတိုက် ကြုံးဝါးသံထည့်ထားတယ်။

ငါ့အိတ်ထဲ
ခေတ်သုံးခေတ်အလွမ်း ထည့်ထားတယ်။

မင်းမာနကို ရွှေနဲ့ ချိန်ကြည့်ရင်
ကမ္ဘာကြီးတစ်ခုလုံး ရွှေအတိဖုံးလိမ့်မယ်။

mgyoe.com

mgyoe.com

ရွှေအတိပြီးတဲ့ ကမ္ဘာကြီးကို
ငါ့ဘဝကျေးလက်သီချင်းလေးတစ်ပုဒ်နဲ့
အစွံထုတ်ချင်လို့တော့ ဘယ်ဖြစ်မလဲ။

မီးရထားလမ်းလို
ငါတို့ဘဝတွေက မျဉ်းပြိုင်လား
ဒါဆိုရင်
မင်းအနမ်းတွေကို ငါ့နှုတ်ခမ်းနဲ့ လာကြိုမယ့်
ပျော်စရာဘူတာရုံလေးတစ်ရုံတော့
ဟောဒီ မိုးကုပ်စက်ဝိုင်း အနားသတ်မှာ ရှိရမှာပေါ့။

တကယ်တော့
မိုးနဲ့မြေရဲ့ နယ်စပ်မျဉ်းပေါ်မှာ
ကိုယ့်ပါးကိုယ်ရိုက်ခဲ့မိတာ ငါပါကွာ။

မြို့ကြီးပြကြီးနဲ့တူတဲ့ မင်းကို
တောင်ယာတဲလေးနဲ့တူတဲ့ ငါက လှမ်းခေါ်တယ်
ဇိမ်ခံသင်္ဘောကြီးနဲ့တူတဲ့ မင်းကို
တံငါလှေလေးနဲ့ တူတဲ့ငါက လှမ်းခေါ်တယ်
တော်ဝင်ညစာစားပွဲကြီးနဲ့တူတဲ့ မင်းကို
ထမင်းကြမ်းခဲလေးနဲ့တူတဲ့ ငါက လှမ်းခေါ်တယ်
ငါ့ဆီပဲ့တင်ပြန်လာတာ ဘာလဲ
ဘာလဲဟင်
ညဝတ်ဂါဝန်လေးတစ်ထည်
အချစ်ကို ကျကျနန ထုပ်ပိုးလို့
မတွန့်သေး မကြေသေး
နှင်းဆီပန်းနုတွေ မွှေးလို့။ ။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း။ နှမ်း ၁၉၉၈

mgyoe.com

mgyoe.com


# လူစီရဲ့ လက်ဆောင်

ရှက်တတ်တဲ့ ကြယ်တွေကတောင်
လက်မြှောက်ထားရတဲ့ 'လူစီ' ဟာ
မျက်လုံးထဲ မားမြောင်တစ်လက်ထည့် ကြည့်တတ်တယ်
ခေါင်ရမ်းပွင့်တွေကလည်း 'လူစီ' ကြောင့် ပွင့်ခဲ့ရတာတဲ့
အနမ်းဆိုတဲ့ နှစ်ချို့အိုးထဲ
'လူစီ' ဟာ ဘဝကြီးတစ်ခုလုံးကို မျောက်သွေးလို
စိမ်ထားနိုင်တယ်
'လူစီ' ဟာ
နှုတ်ခမ်းနီ နည်းနည်းဆိုးလိုက်ရုံနဲ့
ဘဝတွေကို လေဖြတ်သွားအောင် စီရင်နိုင်တယ်
'လူစီ' ခန္ဓာကိုယ်ထဲက
ထုတ်သမျှ ပစ္စည်းတိုင်းမှာ
ယောက်ျားပီသရမယ်ဆိုတဲ့ အထူးသတိပေးချက်ပါတယ်
'လူစီ' ဟာ
အနာဂတ်ကို ကိုယ်ဝန်ဆောင်နိုင်တယ်
ငရဲနဲ့ တိုက်ရိုက်ပျံသန်းပေးနိုင်တယ်
ပျံသန်းနေတဲ့ သမာဓိကို
သစ်တော်သီးလေးတစ်လုံးလို ခူးဆွတ်နိုင်တယ်
အသည်းကွဲလူနာအတွက်
လမ်းကြိတ်စက်တစ်စင်းနဲ့တူတဲ့ 'လူစီ' ဟာ
ကလေးတွေရဲ့ 'မာသာထရီဆာ' ကိုယ်ပွားဖြစ်တယ်
ကရုဏာပုံတူဖြစ်တယ်
နို့ထွက်တဲ့ ပန်းပွင့်ဖြစ်တယ်

mgyoe.com

'လူစီ' ဟာ
ကုန်ထုတ်စွမ်းအားစုတွေကို ရေပတ်တိုက်ပေးနိုင်တယ်
ဘုရားသခင်နဲ့ သားအမိတော်နိုင်တယ်။
'လူစီ'
ခင်ဗျားဘယ်ကလာလဲ
ကောင်းကင်ကလား
မြေကြီးကလား
ဖိုသတ္တဝါရဲ့ နံရိုးထဲကလား။
'လူစီ'
ခင်ဗျားအတွင်းခံတွေကို ဘာနဲ့ ချုပ်ထားလဲ
ပိုးသားနဲ့လား
သွေးချွေးနဲ့လား
ကမ္ဘာ့သမိုင်းကြောင်းနဲ့လား
ခုထိ ဘယ်သူမှ မသိသေးဘူး။ ။

ရန်ကုန်.သစ်မဂ္ဂဇင်း မေ၊ ၁၉၉၈

mgyoe.com

## အညတရ အစအနများ

### ဒိုင်ယာရီ

ဆာလောင်မှုနဲ့ လောကဓံကို
မျက်ရည်နဲ့ ခုခံလို့မရဘူး
ညလည်း ဒီထက်ပိုမမှောင်ဘူး
မိုးလည်း ဒီထက်ပိုမရွာဘူး
အရာအားလုံး
အမှားနဲ့ အသားကျခဲ့ပေပြီ။

### ဘဝ

ကြိတ်စက်ထဲက ကြံတွေလို
အချိုရည်မကျန်သော နေ့ရက်များ
ခါးသီးလွန်းပေစွ။

### ယုံကြည်ခြင်း

စွန့်ခဲ့သမျှ ရယူကြ
ကာလအစ
ဘဝရဲ့ ရေမှော်များ
တစ်ဖန် ပြန်လည်စိမ်းလန်းပေဦးအံ့။

mgyoe.com

ရပ်တည်မှု

ချစ်သူရေ
သူ့အား ကြည်ဖြူဘိ
ငါသည်ကား
ရှုံးသူများရဲ့ မိတ်ဆွေဖြစ်ပေ၏။

အဲဒီနေ့

အလင်းရောင်ရေ
ငါတို့ကို ဖွင့်ပေးပါ
မြေသင်းနံ့နဲ့ ပွဲတော်မှာ
'မြေချစ်သူ' ကို စိုက်ထူကြ
မြေဖို့ထားသော နှင်းဆီများ
ဤမြေပြင်၌ တစ်ရှိန်ထိုး မွှေးပျံ့စေသတည်း။

နိဂုံး

အတောက်ပဆုံး
ကြယ်ကလေး တစ်လုံးဆိုတာ
ငါတို့ မစားရသေးတဲ့ ညစာပဲ။

ဆုတောင်း

တစ်ခုသောဥယျာဉ်၌
ဆုလာဘ်များကို လာယူပါ
စိတ်ကောင်းရှိသူများ ရပါစေ။

mgyoe.com

**ရန်သူ**

ကျော့အပေးမှာ
ဓားနဲ့ထိုးပြေးတဲ့ ရန်သူကို ကျေးဇူးတင်ရမယ်
ရန်သူဟာ ရန်သူပီသလို့ပဲ။

**ဒဏ်ရာနဲ့သစ္စာ**

ဒဏ်ရာတွေဟာ ရိက္ခာဖြစ်ပြီး
သစ္စာသည်သာ
နောက်ဆုံးခံတပ် ဖြစ်ပေရဲ့။

**ခရစ်နှစ် ၂၁၀၀**

ဟောဒီ ကပွဲခန်းမမှာ
(အမှန်တရားကလွဲလို့)
ကသူ၊ ခုန်သူ၊ သီဆိုသူများ၊ မီးမောင်းများ
ဖိနပ်အောက်က ဖုန်မှုန့်များ
ဘာမှ မကျန်တော့ပါလား။

**မျှားသူ**

နွေ မိုး ဆောင်း ဟာ
တူရိယာမျိုးစုံနဲ့
ပြဇာတ်သစ်တစ်ပုဒ်ကို မျှားနေရဲ့။ ။

ရန်ကုန်.သစ်မဂ္ဂဇင်း ၁၉၉၈

mgyoe.com

mgyoe.com


# နှင်းဆီ

နှင်းဆီ
မင်းကို ဘယ်သူတွေပဲ ဖုံးကွယ်ထားထား
မင်းရဲ့ အမည်နာမဟာ
ကောင်းကင်ဘုံတံခါးဝမှာ တောက်ပလျက်။

နှင်းဆီ
မင်းကို ဘယ်သူတွေပဲ ဆန့်ကျင်ဆန့်ကျင်
လူ့လောကရာဇဝင်မှာ
မင်းဝိညာဉ်ဟာ မွှေးမြလျက်။

နှင်းဆီ
မင်းကို ဘယ်သူတွေပဲ ခြေမွခြေမွ
မင်းရဲ့အလှတရားဟာ
ကမ္ဘာမြေတစ်လွှားမှာ စိမ်းလန်းလျက်။

နှင်းဆီ
မင်းကို ချစ်သည်ဖြစ်စေ
မင်းကို မုန်းသည်ဖြစ်စေ
ကြယ်တံခွန်
နဂါးငွေ့တန်းနဲ့
သန့်စွမ်းတဲ့ ဖိုးနစ်ငှက်တွေက
မင်းဂုဏ်သတင်းကို
အလင်းနှစ်ပေါင်းများစွာ သယ်ဆောင်လျက်။ ။

၂၀၀၀

mgyoe.com

mgyoe.com


## ၁၉၈၅ ခုနှစ်က နှင်းဆီ

(၁)
နယူးယောက်ဆိုတဲ့ မြို့ကြီးရဲ့
ဝဝဖိုးဖိုး ကဖေးဆိုင်ကလေးတစ်ဆိုင်မှာ
ဟောဒီစာမျက်နှာကို မင်းဆွဲလှန်မိမယ်ဆိုရင်
ဒီကဗျာဟာ မင်းအတွက်ပဲ ရည်စူးပြီး ရေးလိုက်ပါပေရဲ့
အရောင်ရင့်ရင့် အပွင့်ကားကား နှင်းဆီရေ။

(၂)
ဂန္ဓာလရာဇ်သွေးရောင်လွှမ်းနေတဲ့
မင်းရဲ့ အနီရောင်နှုတ်ခမ်းသားပေါ်မှာ
ငါဟာ အပျင်းပြေလမ်းသလားနေကျ
မင်းရဲ့လျှာ
မင်းရဲ့သွား
အဲဒီအရာနှစ်ခုကြားကနေ
ဖြတ်သန်းတိုက်ခတ်လာတဲ့လေ
ပူနွေးစွတ်စိုနေပေမယ့်
စပျစ်သီးနံ့လေး သင်းပျံ့နေတတ်လို့
ငါ ဘယ်လို မေ့ပစ်နိုင်မှာလဲ။

mgyoe.com

mgyoe.com


(၃)
မင်းရဲ့ ရေစိုဆံပင်တွေ ဖြီးသင်ပေးနေခိုက်
ငါ့ရဲ့ တောစီးဖိနပ်ကို ကြိုးတပ်ပေးခဲ့တာ
ဘဝရေစက်လို့ ခေါ်ရမလား
ဒီကပဲ မှားယွင်းခဲ့ပါတယ်။

(၄)
'ဟစ်တလာ' ကို ငါတို့ မချစ်ခဲ့ဘူး
'ရှိတ်စပီးယား' ကို ငါတို့ ချစ်ခဲ့တယ်
'မူဆိုလီနီ' ကို ငါတို့ မချစ်ခဲ့ဘူး
'မိုဒီဂလျာနီ' ကို ငါတို့ ချစ်ခဲ့တယ်
'စတာလင်' ကို ငါတို့ မချစ်ခဲ့ဘူး
'ယက်ဖ်တူရှင်ကာ' ကို ငါတို့ ချစ်ခဲ့တယ်။

(၅)
'ကိုလံဘတ်စ်' ရေ
မစွတာ ကိုလံဘတ်(စ်)ခင်ဗျား
မမြင်နိုင်တဲ့ ကံတရားက
ငါ့ သူမကို 'အမေရိက' မှာ ပစ်ချထားခဲ့ပေါ့။

(၆)
'ပုလွန်တောင် ရေကျော်' မှသည်
'မြောက်အမေရိက' ဆီသို့
ငါ့ ရှင်မတောင်သနပ်ခါးနံ့ကလေး
ဖြတ်ပြေးသွားပါပကော။

mgyoe.com

mgyoe.com

(၇)

ကမ္ဘာကြီးကို
မြင်းတစ်ကောင်လို စီးနေတဲ့
ကောင်းဘွိုင်တွေရဲ့ နယ်မြေမှာ
မင်း အယားမပြေနိုင်ဘဲ နေလေမလား။
သွေးဆူလွယ်တဲ့
ကောင်လေးတစ်ယောက်ရဲ့ ပုံရိပ်ကို
ဝီစကီဖန်ခွက်ထဲကပဲ ကြည့်နေမလား။
အမေရိကန်ပြည်ထောင်စုရဲ့
အစိုးရရုံးပိတ်ရက်တွေမှာ
မင်း ဘယ်လိုများ နေရှာမလဲ
မသေခင်
ပြန်တွေ့ခဲ့ကြရင်
ဘယ်က ဘယ်လို နှုတ်ဆက်ရမလဲဟင်။

(၈)

တမာပင်အောက်က
ဗျိုင်းတောင်ဆန်တဲ့ ငါ့ဝိညာဉ်ဟာ
'အပါချီ' ရက်အင်ဒီးယန်းတွေရဲ့ ဇာတိမြေ
မင်းအခြေစိုက်နေထိုင်ရာ အနောက်ဘက်ဒေသဆီ
ချီတက်ခဲ့ပြီပေါ့ 'နှင်းဆီ'။ ။

အလက်ဂီတကျောနယ်၊ အောက်တိုဘာ၊ ၂၀၀၁

mgyoe.com

## လွှမ်းတေး

'ကိုပ်ဝင်းစလက်' နဲ့ ဘဝချင်းမတူလို့
မင်း စိတ်မပျက်ပါနဲ့။

သူလည်း
မင်းလို
မမြဲခြင်းတရားနဲ့ ရှင်ရတယ်။

သူမြင်တဲ့လမင်းလည်း
မင်းမြင်တဲ့လမင်းလို
အဝိုင်းပဲ။
လေးထောင့် မဟုတ်ဘူး
တြိဂံလည်း မဟုတ်ဘူး။

ကမ္ဘာမြေပေါ်ပွင့်သမျှ
ဘယ်နှင်းဆီပွင့်မှ
မင်းလက်ပေါ်မှာထက်
သူ့လက်ပေါ်မှာ ပိုမမွှေးဘူး။
သူ့ရဲ့သားအိမ်လည်း တစ်ခုတည်း
မင်းရဲ့သားအိမ်လည်း တစ်ခုတည်း
မျိုးဆက်ပြန့်ပွားရေးတာဝန် ထမ်းဆောင်ချင်ထမ်းဆောင်
မမျိုးဥကို စွန့်ထုတ်ချင်စွန့်ထုတ်
အလုပ်နှစ်ခုကိုပဲ လုပ်တယ်။

mgyoe.com

mgyoe.com

ငှက်ပျောသီး စားချင်ရင်
မင်းလိုပဲ
သူလည်း အခွံနွှာပြီးမှ စားရတယ်။

သူ့ဆဲလ်တွေလည်း
မင်းဆဲလ်တွေလို
ဇရာကို တော်လှန်လို့ မရဘူး။

'ဂိဗ္ဗကုဋ္ဌတောင်'မှာမှ မဟုတ်ပါဘူး
'ဟောလိဝုဒ်' မှာလည်း ဒုက္ခဆိုတာ ရှိတယ်

'ကိပ်ဝင်းစလက်' နဲ့ ဘဝချင်းမတူလို့
မင်း စိတ်မပျက်ပါနဲ့။ ။

ဖက်ရှင်မဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၂၀၀၁

mgyoe.com

## ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း

ဗီယက်နမ်ကဗျာဆရာတစ်ယောက်လို ငါနေထိုင်
ဂျမေကာကျွန်းသားတစ်ယောက်လို ငါခံစား
အာဖရိကန်မုဆိုးတစ်ယောက်လို ငါအိပ်စက်
ကိုလံဘီယာ အလုပ်သမားတစ်ယောက်လို ငါရှုမျှော်
ကြော်
ငါ တပ်မက်တဲ့ ကမ္ဘာကြီး။

ငါ့မန်းဟာ
ဆားငန်ရေနဲ့ အသားတုံးငတ်သလို
ငါလည်း အချစ်နဲ့ အသစ်ကို ငတ်မွတ်မိ
နွေဦး ၄၀ ရှိခဲ့ပါပြီ။

နွေဦး ၄၀ ရုပ်ရှင်မှာ
ဗီလိန်လည်း လုပ်ခဲ့ရ
ဇာတ်လိုက်လည်း ဖြစ်ခဲ့ရ
ထောင်ချောက်လည်း နင်းခဲ့ရ
ပိုက်ကွန်လည်း ချခဲ့ရ
ပျားရည်လည်း လျက်ခဲ့ရ
ဆေးခါးကြီးလည်း သောက်ခဲ့ရ
နတ်ပြည်လည်း တက်ခဲ့ရ
ငရဲပြည်လည်း ကျခဲ့ရ
သေနတ်ပစ်ခန်းလည်း ကြုံခဲ့ရ
မင်းသမီးကိုလည်း နမ်းခဲ့ရ
စကတည်းက မှားခဲ့ကြတော့
လမ်းပျောက်ခဲ့တဲ့ နှစ်တွေအတွက်
စိတ်မပျက်တော့ဘူး။

mgyoe.com

mgyoe.com

'သခင်ကိုယ်တော်မှိုင်း' နဲ့ 'အိုင်စတိုင်း' ကို ကြိုက်ခဲ့တာ
'ကက်သရင်းဇီတာဂျုံး' နဲ့ 'မော်စီတုန်း' ကို ကြိုက်ခဲ့တာ
'ရော့ခ်သီချင်း' နဲ့ 'အရက်ပြင်း' ကို ကြိုက်ခဲ့တာ
'ပြင်သစ်ကော်ဖီ' နဲ့ 'ဂျင်းဘောင်းဘီ' ကို ကြိုက်ခဲ့တာ
'မုန့်ဟင်းခါး' နဲ့ 'မက်ဒေါနား' ကို ကြိုက်ခဲ့တာ
'နေကာမျက်မှန်' နဲ့ 'ခြံထွက်သီးနှံ' ကို ကြိုက်ခဲ့တာ
'မဟတ္တမဂန္ဒီ' နဲ့ 'မိုဒီဂလျာနီ' ကို ကြိုက်ခဲ့တာ
'မြို့မငြိမ်း' နဲ့ 'ကတ်ကိုဘိန်း' ကို ကြိုက်ခဲ့တာ
'ငါးသလောက်ဥ' နဲ့ 'မမနု' ကို ကြိုက်ခဲ့တာ
ငါဟာ တကယ့်ကို ပုထုဇဉ်ပဲ။

ဒီမယ် ငါ့တစ်ယောက်တည်း
လေချွန်ရင်း မြွေဖမ်းရင်း
ပေါက်ပြဲနေတဲ့ နေ့တွေကို
ပြင်ဆင်ဖာထေးဖို့ ကြိုးစားရင်း
မြို့ပတ်ရထားကြီးနဲ့အတူ
မိုးချုပ်ခဲ့သူပါ။ ။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း။ ၂၀၀၃

mgyoe.com

## အမေ့လင်းယုန်

(၁)
ဝေဒနာကြိုးတန်းကလေးပေါ်မှာ
အမေ့ရဲ့ ချွေးသုတ်ပဝါကလေး လှမ်းပစ်တင်လိုက်တော့
ကမ်းမမြင် လမ်းမမြင် မှုန်တိုင်းထဲ
သားက ပျံသန်းနေဆဲပေါ့။

(၂)
သားကို သတိရ
သားကို မတွေ့ရတဲ့အခါ
စာနာတတ်တဲ့ ငွေကြယ်ကလေးတွေက
အမေ့ဆီ ဝမ်းနည်းကြောင်း သဝဏ်လွှာစေလိမ့်မယ်။

(၃)
ကျွန်တော့်ရဲ့ အန္တိမမျှော်လင့်ချက်
အမေတိုက်တဲ့ ရေတစ်ခွက်သာ သောက်ချင်ရဲ့။

(၄)
နောင်ဘဝ၌
လူဖြစ်ခွင့်ရမည်ဆိုပါလျှင်
ပျူငှာယဉ်ကျေးသော ပန်းများ
ပွင့်သော ထိုအင်ကြင်းတောစပ်၌
အမေ့ရဲ့သား ကျွန်တော် ပြန်ဖြစ်ချင်ပါသည်။

mgyoe.com

mgyoe.com


(၅)
လိမ္မာတဲ့ သားဆိုးကို
အမေရိကန်ဆေးရုံမှာ ဗိုက်ခွဲမွေးခဲ့ရတဲ့ 'အမေ'
အမေ့ရဲ့သား 'မိုယ်းဇော်'
မှားခဲ့တယ်
မတရားမလုပ်ခဲ့ဘူး
ဆိုးခဲ့တယ်
မယုတ်မာခဲ့ဘူး
မိုက်ခဲ့တယ်
မရိုင်းခဲ့ဘူး
အားလုံးကို ချစ်ခဲ့တယ်
မကောက်ကျစ်ခဲ့ဘူး
သားဖုံးကြခဲ့တဲ့မြို့ဟာ
သားကိုယ်သားပါ 'အမေ' ရယ်။

(၆)
တစ်ခါတလေ တရားထိုင်ပြီး
တစ်ခါတလေ ငါးပါးသီလ မလုံခြုံတတ်တဲ့သား
ကုသိုလ်
အကုသိုလ်တရား
လူပီသစွာ ပွားစီးမိခဲ့ပါပြီ။

mgyoe.com

(၇)
'အမေ' ရယ်
သားရဲ့ ယနေ့ နေထိုင်မှုကိုသာ
'အမေ' သိရမယ်ဆိုရင်
ရင်ချို့မှာ မဟုတ်ပါဘူး
အနုပညာနဲ့ ကိုယ့်တွင်းကိုယ်တူးပြီး
ကိုယ့်ဘဝကိုယ်လှီး မြေမြှုပ်ခဲ့သူ
ကျေးဇူးသိတတ်ခဲ့ပါတယ်။

(၈)
ကမ္ဘာကြီး
သင့်အား
ငါ့ရဲ့ ဆဲလ်၊ ငါ့ရဲ့ နာကျင်မှု
ငါ့ရဲ့ အမိုင်နိုအက်ဆစ်
ငါ့ရဲ့ ဟေမိုဂလိုဘင်ထဲက
လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါရဲ့။

(၉)
အို၊ နတ်ကောင်းနတ်မြတ်များ
သင်တို့အား အတောင်ပံအဖြစ်တပ်ဆင်
ဟောသည် ပစ္စန္တရာစ်နေဝင်ချိန်မှာ
ငါ့အမေရှိရာ ငါပျံသန်းချင်တယ်။

mgyoe.com

mgyoe.com

(၁၀)
လာမယ့် အနှစ် ၄၀ မှာ
လာမယ့် အနှစ် ၂၀ မှာ
မနက်ဖြန်မှာ
ဒီနေ့မှာ
သေချာတဲ့ သေခြင်းနဲ့
အမေ့အိမ်ကို ပြန်ခဲ့မယ်။

(၁၁)
'အချစ်'
'ငြိမ်းချမ်းရေး'
'ကဗျာ'
ကျွန်တော့်ရဲ့ လက်နက်မဲ့ခန္ဓာကိုယ်အား
ကောင်းကင်ဘုံ ထိုထိုမှ
တံခါးဖွင့် ကြိုဆိုကြကုန်လော့။

(၁၂)
မီးတောက်မီးလျှံကြားက
တံပိုးခရာသံ ကြားရတယ်
လောကသစ်တော့မယ်လေ
လူဆင်းရဲတို့
လူမွဲတို့
ထကြွ ထကြွ
နိုးထကြွ
သင်တို့အတွက်
ပန်းရထားတစ်စင်း ဆိုက်တော့မယ်။

mgyoe.com

(၁၃)
ခနော်နီခနော်နဲ့
ပိုးတုံးလုံးလေးတစ်ကောင်
ကမ္ဘာမြေပေါ် ခြေချစ
လမ်းလျှောက်ရဲတဲ့ သတ္တိတွေရအောင်
အမေပဲ မြေတောင်မြှောက်ခဲ့တယ်။

(၁၄)
လူဆိုတာ
'လောကဓံကို ခံနိုင်ရည် ရှိရမတဲ့'
'ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေနဲ့' တဲ့
နှစ်ခွန်းတည်းသော စကားဟာ
ငါ့ဝိညာဉ်မှာ ထွန်းလင်းနေလိမ့်မယ်။

(၁၅)
မီးခြစ်ဆံလေးတစ်ချောင်းအတွက်
သစ်သားစလေးတစ်စပဲ လိုတယ်
သစ်တောကြီးတစ်ခုလုံး မီးရှို့ဖို့အတွက်
မီးခြစ်ဆံလေးတစ်ချောင်းပဲ လိုတယ်
သား နားထောင်ခဲ့ဖူးတဲ့ သီချင်းစာသား
မမှားသေးပါဘူး မေမေ။

mgyoe.com

mgyoe.com

(၁၆)

အမေ

အမေ

အမေ

အမေ

အမေ

အမေ

အမေ

အမေ

အမေ

(၁၇)

ငှက်ကလေးတွေနဲ့ မနက်ခင်းပါပဲ
ရှစ်နာရီကျော်ပြီ အမေ
တမာပင်အောက်မှာ
ရဟန်းတော်များ ဆွမ်းခံကြွပေါ့
ဆေးရုံခုတင်ပေါ် ပက်လက်
အမေ့ဇော အမေ့အိပ်မက်ထဲကနေ
အမေ ဆွမ်းထွက်လောင်းနေမလား။

mgyoe.com

(၁၈)
အမေ
သားသူငယ်ချင်း 'ပီတာ' လေ
သားနဲ့ တစ်ခေတ်တည်း မွေးခဲ့တဲ့ကောင်ပေါ့
ဉာဏ်ကောင်းပြီး စိတ်ကောင်းရှိတဲ့
လူကောင်းသူကောင်းတစ်ယောက်ပါ
ဘဝတစ်ဆစ်ချိုးမှာ
ဆေးထိုးအပ်နဲ့ ထွက်ပေါက်ရှာခဲ့တယ်
အခုတော့
သူ လွတ်မြောက်သွားပေါ့
'ပီတာ' သူငယ်ချင်း
သံသရာအဖန်ဖန် ကျင်လည်ခြင်းမှာ
ကောင်းရာသုဂတိလားပါစေကွာ။

(၁၉)
ဟိတ်! သူယုတ်
သင့် ရေဘဝဲလို လက်တံနဲ့
သန့်စင်တဲ့လိပ်ပြာကို မဖျက်ဆီးလေနဲ့။
ငါ့ပန်းတောကို မြေမလှန်နဲ့။
အရှင်ဘုရား
ဤကမ္ဘာမြေကြီး
အပြီးတိုင် ပြိုကွဲပျက်စီးသွားပါအံ့။
နောင်ဖြစ်လတ္တံ့ကမ္ဘာ၌
စိတ်နှလုံးကောင်းမွန်မြင့်မြတ်သူများသာ
လူဖြစ်ခွင့်ရပါစေသတည်း။

mgyoe.com

mgyoe.com

(၂၀)
မလွဲမချွတ်
ဝဋ်ဆိုတာ ကြောက်စရာကောင်းပါတယ်။

(၂၁)
မြက်ခင်းတစ်ခင်းနွမ်းလည်း
မြက်ခင်းတစ်ခင်း ပြန်လည်စိမ်းလန်းလာမှာပဲ။
နွေဦးဆိုတာ
အမြဲတမ်းပုန်းနေနိုင်မတဲ့လား
နှင်းဆီနဲ့
လေညင်းနဲ့
အစွန်းအထင်းမရှိတဲ့ နေဝန်းနီနဲ့အတူ
လှပတဲ့ မိုးသားအဖြူအောက်မှာ
ပြန်လည်ဖူးပွင့်လာရမယ်။

(၂၂)
အမေရှိရာ
လောကတစ်ခုဆီမှာ
မိုးတွေရွာချပြီဆိုရင်
အဲဒီမိုးစက်တွေဟာ
ကျောင်းကင်ပေါ်က ထိုးဆင်းချလာတဲ့
သားရဲ့ အလွမ်းသီချင်းတွေပဲပေါ့
မိုးတိမ်တွေကတစ်ဆင့်
အမေ့ကို ရင်ဖွင့်မယ်
နားသောတဆင်ပါ အမေ။

mgyoe.com

mgyoe.com


(၂၃)
သင်္ခါရတရားတို့ရဲ့
ပျက်စီးပြိုကွဲခြင်းသဘောကို ဆင်ခြင်ဖို့
အမေ့အတွက် မငိုဖို့
အမေ့ကို မလွမ်းဖို့
အမေ့ကို သတိမရဖို့
ငါ့မှာ တရားမရှိနိုင်ခဲ့ပါ။

(၂၄)
ဒီကနေ့
အမေ့အခြေအနေ
ဘယ်လိုများ နေရှာမလဲ
အမေ့အရိပ်မှာ
သားအိပ်စက်ဆဲပါပဲ
အိမ်ပြန်နောက်ကျတတ်တဲ့ သားကို
အိမ်ပေါက်ဝက ဆီးကြိုဆဲပါပဲ
သားရဲ့ နှလုံးသားထဲ
ထာဝရ အမေရှင်သန်ဆဲပါပဲ။

(၂၅)
အမေ့ရဲ့
မေတ္တာလှိုင်းဂယက်ကြောင့်
သမုဒ္ဒရာတွေ သေးငယ်ကုန်ကြတယ်။

mgyoe.com

mgyoe.com

(၂၆)
ကဗျာဖတ်ပြီး
ကဗျာမြတ်နိုးတတ်တဲ့အမေ
မသေပါနဲ့ဦး. အမေရယ်
နံစော်စော် ပုပ်အဲ့အဲ့ လောကကြီးထဲမှာ
သားကို ပစ်မထားခဲ့ပါနဲ့။

(၂၇)
ငယ်ငယ်တုန်းကတော့
သားဟာ အမေ့ရဲ့ ခွေးလေးတစ်ကောင်ပေါ့။
သားဟောင်တာကို ကြည့်
အမေ ပီတိဖြာခဲ့တယ်။
အခုတော့ သားဟာ
အမေ့ရဲ့ မျက်ကွယ်က
အမှန်တရားကို ကိုက်ချီထားတဲ့ 'လင်းယုန်'။

(၂၈)
အနက်ရောင်မုန်တိုင်းထဲ
ရင်ဖွင့်ပျံသန်းဆဲပါ 'အမေ'။ ။

ရည်ညွှန်းချက်
ကျွန်တော့်ရဲ့ လူအဖြစ်ရရှိခဲ့ခြင်းမှစ၍ ကျေးဇူးတရားပေါင်းစုရာ ကျွန်တော့်ရဲ့ ဒုတိယဘုရားသခင်၊ ကွယ်လွန်သူ မွေးသမိခင် ဒေါ်တင်ရွှေ(ရေနံချောင်း)သို့။

ဟန်သစ်မဂ္ဂဇင်း၊ အောက်တိုဘာ၊ ၂၀၀၃

mgyoe.com

mgyoe.com


## တောင်ပိုင်း

ဘဝက တိုက်ပွဲဆိုရင်
ဟိုအရင် လယ်ကွက်တွေကနေ
အခု ရပ်ကွက်တွေ ဖြစ်ထွန်းလာတဲ့ မြို့သစ်မှာ
ငါတို့ စစ်နိုင်ရမယ်အချစ်ရယ်။

ဒီမြို့သစ်ကြီးဟာ
အမွေးအမှင်စုတ်ဖွားနဲ့
သွေးစုပ်ဖုတ်ကောင်ကြီးလည်း မဟုတ်ပါဘူး။

ဒီမြို့သစ်ကြီးဟာ အဖုအထစ်တွေ ဗရပွနဲ့
စုန်းမဦးခေါင်းလည်း မဟုတ်ပါဘူး။

ဒီမြို့သစ်ကြီးဟာ
ဘုရားသခင်ရဲ့ အစွန့်ပယ်ခံ
ငရဲမီးလျှံလည်း မဟုတ်ပါဘူး။

ဒီမြို့သစ်ကြီးဟာ
ဘဝရဲ့ ခြေစစ်ပွဲတွေ အောင်ဖို့
ငါတို့ကို အကောင်းဆုံး လေ့ကျင့်ပေးလိမ့်မယ်။

ခေတ်နဲ့ လျော်ညီစွာပဲ
ဒီဒေသမှာ
ငါတို့ အခြေစိုက်နေထိုင်ခဲ့ကြပြီ။
'ကက်သရင်းဇီတာဂျုံး' ရဲ့ ယောကျ်ား
'ဘီဗာလီတောင်ကုန်းများ' ပေါ်မှာ ပျော်သလို
ငါလည်း ဟောဒီတောင်ပိုင်းမှာ ပျော်တယ်။

mgyoe.com